မင်းဘူးကျေးရွာ

ပင်လောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မင်းဘူးကျေးရွာ၊ ပင်လောင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

မင်းဘူးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်လောင်းမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်မှုအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၉

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၂) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၃၁

ကိုးကားစာရင်း ၃၃

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

နိုဝင်ဘာလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မင်ဘူးကျေးရွာ
ပင်လောင်းမြို့နယ်

မင်းဘူးကျေးရွာ သယံဇာတပြမြေပုံ၊ ပင်လောင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပင်လောင်းမြို့၏ အနောက်မြောက်ဘက်၊ ထာမော့ကျေးရွာ၏ တောင်ဘက်တွင် တည်ရှိပြီး ကတ္တာရာလမ်းတစ်ဝက် ကျောက်ချောလမ်းတစ်ဝက်ဖြစ် အလွယ် တစ်ကူ သွားရောက်နိုင်ပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင် တည်ရှိပြီး အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မမှ ၆၀ နှင့်အထက်တွင်ရှိပြီး မိုးများသဖြင့် စိုက်ပျိုးရေး လုပ်ငန်းများအတွက် များစွာ အထောက်အကူပြုသည်။သို့သော် ယခုနှစ်သည့် မိုးရေချိန်လက်မမှာ ၄၀နှင့်အထက်သာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းတွင် လွန်စွာအဆင်မပြေပါ။ ကျေးရွာတည်ရှိရာသည် ပြည်ထောင်စုလမ်းမနှင့် (၂)မိုင်(၃)ဖာလုံတွင် တည်ရှိပါသည်။ ပင်လောင်းမြို့နှင့်ကပ်လျက်တည်ရှိကာ မြေပြင်အနေ အထားမှာလည်း တောင်ပေါ်ဒေ**သ**ဖြစ်သည်။ ယာမြေများသည် စပါး၊ပြောင်း၊အာလူးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ရန်တို့အတွက် အဓိကအားထားရာ ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏ အရှေ့ဘက်တွင် ရေထွက်နှင့် ပတ်ပတ်လည်တွင် သစ်တောများ လယ်ကွင်းများ၊ လက်ဖက်ခြံများ တည်ရှိပါသည်။ မြေဆီအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန် သည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံ ဇာတများမထွက်ရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ လည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ စားကျက်မြေသီးသန့် မရှိတော့ပါ။ ဆေးဘက်ဝင် အပင်များမှာ သာမန်တွေ့ရများသော အပင်များသာ ရှိသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၇၀)စုနှင့် ကျား(၁၄၅)၊ မ(၁၆၆)ဦးဖြင့် လူဦးရေပေါင်း(၃၁၁)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ပအိုဝ်းလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏၇၅%ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၂%ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင် များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေး အတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၂၆%သည် ဆင်းရဲနှင့်၈%သည်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ် ကြပြီး ၄%သည် ချမ်းသာသည့်အဆင့်၊ ၆၂%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ တို့ကြောင့် ကျေးရွာစီးပွါးရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသောအိမ်ထောင်စုများအပြင် အခြား အိမ်ထောင်စု အချို့မှာလည်း လက်သမား၊ပန်းရံ၊ အုတ်ဘလောက်ရိုက်ခြင်းလုပ်ငန်းစသော အသေးစား အိမ်တွင်းလုပ်ငန်း များတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် အလယ်အလတ်အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ် လက်စား၊ အုတ်ဘလောက်ရိုက်လုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၈.၃%)ထိရှိကာ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ပါဝင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုမရှိသည်ကိုတွေ့ရှိရပြီးရာသီအလိုက် စိုက်ပျိုးရေး လုပ်ငန်းများ တွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ကျပန်းလုပ်ငန်း စသည်တို့ တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၄၂)စုကို

လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၄%မှာ သူတပါးထံမှ မချေးမငှါးပဲ သုံးလခန့်နှင့် ၆၆%ခန့်မှာ ၃ လ မှ ၅ လခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲ နပ်မှန်စား သုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁၀၀,၀၀၀/- ကျပ်မှ ၅၀၀,၀၀၀/- ကျပ်ထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို မိတ်ဆွေ၊ဆွေမျိုးများ ထံတွင် ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန် အတွက်နှင့် ကျန်းမာရေး ကိစ္စရပ်များ အတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယ အနေအထားတွင် သုံးစွဲကြသည်။

ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တောပြုန်းတီး မှုကိုသာ အသင့်အတင့် အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားများ တွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စုအလိုက် ခွဲခြား သတ်မှတ်ရာတွင်လည်း လူငယ်များ၊ ဆင်းရဲသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စုနှင့်ဆင်းရဲသည့် နေ့စားအိမ်ထောင်စုများ မှာ ထိခိုက်သက်ရောက်မှု လတ်၊ ကြောင်းတွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း တည်ရှိပြီး မြို့နှင့်လည်း ၂ မိုင်ခန့်ကွာ ဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော ပင်လောင်းမြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့် လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် စိမ့်စမ်းရေကို ရရှိနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောဝ၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ ရာသီအကူးအပြောင်းတွင် အဖျားအနာများ ဖြစ်ပွားမှုများသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရှိရပါသည်။ သက်ကြီးရွာသားအများစုသည် ဘုန်းတော်ကြီးကျောင်းသင်ပညာရေး ကိုသာရရှိကြပြီး အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြသည်။ အလယ်တန်းနှင့် အထက်တန်း

ပညာတတ်ဦးရေလည်းများပြားသည်။ ဘွဲ့ရအရေအတွက်မှာ အတော်အသင့်သာရှိ သည်။ကျေးရွာတွင် အခြေခံပညာရေးနှင့်အလယ်တန်းပညာကို ရွာထဲတွင်သင်ကြားနိုင်သဖြင့် မူလတန်း အရွယ်ကလေးများမှာမူ မူလတန်းပညာကိုသင်ကြားကြသည်။ အထက်တန်း ကျောင်းပညာ တို့အတွက် ပင်လောင်းမြို့တို့တွင် တက်ရောက် သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ် များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း အလွန်နည်း ပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/မတို့၏ အခန်းကဏ္ဍမှာ အမျိုးသားများကသာဦးဆောင်၍ ဆုံးဖြတ်ကြ ကြောင်းတွေ့ရသည်။ ရပ်ရွာအရေးကိစ္စများတွင်လည်းအမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများအပြင်စိုက်ပျိုးရေးလုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်ကြသည်။

ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမရှိပါ။ အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူ ညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေး ခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက် အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၃)ဖွဲ့ တို့ရှိသည်။ လူမှုရေးအဖွဲ့တွင်မူ ကျေးရွာ၏လူမှုရေး၊ သာရေးနာရေးကိစ္စများအတွက် ဈေးဝယ်ခြမ်းရေး၊ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများ ကောင်းမွန်သည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးကို ကျေးရွာတွင် ၂၀၁၂ ခု တွင်ရရှိခဲ့ပြီး မီးလင်းရေး ကော်မတီမှာ မှန်ကန်သောဦးဆောင်မှုနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့မှုတို့ကြောင့် အဖွဲ့အစည်း ဆိုင်ရာစီမံခန့်ခွဲမှုအပိုင်းတွင် အားရစရာများရှိခဲ့သည်။ ကျေးရွာရှိအဆိုပါအဖွဲ့ အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လက်ဖက်၊ စပါးနှင့်အာလူးသီးနှံ ကို အဓိကထား စိုက်ပျိုးကြပြီး တချို့အိမ်ထောင်စုများမှာ ဧကာ စိုက်ခင်းများရှိသည်။ မိုစပါးစိုက်ဧက (၂၅)ရှိပြီး သီးထပ်အဖြစ် အာလုးသီးနှံကို စိုက်ပျိုးကြသည်။ မိုးစပါး တစ်ဧကပျမ်းမျှအထွက်မှာ (၂၃)အိတ်။ အာလူးတစ်ဧက ပျမ်းမျှအထွက်မှာ အိတ်(၅၀)နှုန်း တို့ ထွက်ရှိကြသည်။ တောင်သူအများစုသည် စိုက်ပျိုးချိန်တွင် တစ်ပြိုင်နက်စိုက်ကြသဖြင့် လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။ သီးနှံစိုက်ခင်းများတွင် ယခုနှစ်များတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်နှင့် ဆေးဝါးတို့ကိုလက်လှမ်း မီမှုမရှိ ကြပါ။

ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှါးရမ်းထွန်ယက်ကြရာတွင် တစ်ဧက ကာလပေါက်ဈေး ၂၀၀၀၀/-ကျပ်ဝန်းကျင် ပေးငှါးရကာ ငှါးရမ်းခဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရသည်။ ထို့ကြောင့် ငှါးရမ်းခဈေးနှုန်းသက်သာစွာ ရရှိငှါးရမ်းနိုင်ရေးအတွက် လိုလားနေကြသည်။

ကျေးရွာတွင် ကျွဲမွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၂၀% ဝန်းကျင် မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ် သည်။ ကျေးရွာတွင် တနိုင်တပိုင်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေ တို့ လျော့နည်းလျက် ရှိသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှ ဆက်စပ်ဝင်ငွေ အထိုက်အလျောက် ရရှိနိုင်ခြင်း၊ ကူးစက် ရောဂါ အခါအားလျော်စွာကျရောက်တတ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို

စိတ်ဝင်တစား ဆောင်ရွက်ပြီး ဝင်ငွေရရှိလိုမှု အားနည်းကြခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်း နည်းပါးသည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အုတ်ရိုက်လုပ်ငန်းတစ်ခုနှင့် ဆိုင်ကယ်ဝပ်ရှော့လုပ်ငန်းနှစ်ခုမှအပ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထား တွင်ရှိသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀,၀၀၀/- ကျပ် ရနိုင်ကြသည်။ ကျေးရွာတွင် စပါးနှင့်အာလူးသီးနှံများကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများ အတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ စပါးနှင့်အာလူး သိမ်းချိန်များတွင် လုပ်အားခကို ဧကအလိုက် သတ်မှတ်ကြပြီး စပါး ၁ ဧကရိတ်သိမ်းခ ၆၂,၀၀၀/- မှ ၇၀,၀၀၀/-ကျပ်အထိ၊ အာလူး ၁ ဧက တူးလူငှားခ ၉၀,၀၀၀/- မှ ၁၀၀,၀၀၀/-ကျပ်အထိရှိကာ အလုပ်သမား ၈ ဦး၊ ၉ ဦးက ၁ ဧကကို ၁ ရက် အတွင်းပြီးစီးနိုင်၍ တစ်နေ့ပျမ်းမျှလုပ်အားခ ၈,၀၀၀/- မှ ၁၀,၀၀၀/- ကျပ်အတွင်း ရနိုင်ကြသည်။ တစ်နှစ်အတွင်း ရိတ်သိမ်းရသည့် အလုပ်လုပ် ရက်ပေါင်းမှ (၃၀ မှ ၄၀)ခန့် ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ ပင်လောင်းမြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်း ကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာမှ အာလူးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာသည်။

တောင်သူများအနေဖြင့် ခါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ တောင်ပေါ်ဒေသတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံ ကြုံတွေ့ရတတ်သည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ် တစ်သိန်းမှ ငါးသိန်း ထိရှိကြကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို ဂဂ ပေ၊ ၂၆ ပေ၊ ၁၂ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေ အခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ကျောင်းဆောင်အတွင်းတွင် ဆရာ၊ဆရာမ ရုံးခန်းဖွင့်ထားသဖြင့် ကျောင်းသားများအတွက် နေရာလုံလောက်မှုပိုမိုရရှိရန် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် လိုလားနေကြသည်။ ရွာသားအားလုံး၏ ၉၆%မှာ ရေးတတ် ဖတ်တတ်ကြပြီး ၉နှစ်အထက်လူဦးရေအားလုံး၏ ၁၅%မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ချက်ရာခိုင်နှုန်းလည်း မြင့်မားသည်။ ယခုနှစ် ကျောင်းအပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် အသက် ၉နှစ်ထက်ကြီးသော ကျောင်းသားများပါရှိနေခြင်းကြောင့် ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂတို့ လုံလောက်ပြီး မူလတန်းပြဆရာ/မ ၁၀ ဦးရှိပြီး တပည့်ဆရာအချိုးသည် ၁၄ ဦးရှိသဖြင့် ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာ အုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာတွင်းတည်ရှိပြီး မြို့နယ်ဆေးရုံ သို့ ကားလမ်းဖြင့် အလွယ်တကူသွားရောက်ကာ ရရှိနိုင်ကြသည်။ ဆေးဆိုင်များမှာ

ကျေးရွာတွင် ရရှိနိုင်ပြီး လိုအပ်ပါက ပင်လောင်းမြို့သို့အလွယ်တကူ သွားရောက် ဝယ်ယူနိုင်သည်။ သောက်ရေအတွက် စိမ့်စမ်းရေများ သွယ်ယူသုံးစွဲကြ သည် ။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပါ ။ ခြင်းလုံးကွင်းများရှိသည်။ သူတို့သည် ကျေးရွာရှိလူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်မူ မြောင်းတူး၊ လမ်းဖောက်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် သော်လည်း ကျေးရွာတွင်းလမ်းများကို ကျောက်ခင်းလမ်း၊ ကွန်ကရစ်လမ်း အဖြစ်ခင်းပေးရန် ကျေးရွာသားများက လိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် ၄၈ စီးနှင့် ကား ၇ စီး တို့ကို အသုံးပြုလျက် ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၂ ခု မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံး၏ ၈၂%သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ ကျန်အိမ်ထောင်စုများမှာ ထည့်ဝင်ရ မည့်ငွေ ပြည့်စုံစွာမသွင်းနိုင်သေးခြင်း၊ တချို့အိမ်ထောင်စုများမှာ ရွာနှင့် အလှမ်းဝေးသောနေရာတွင် တည်ရှိခြင်း တို့ကြောင့် သွယ်တန်းအသုံးမပြုနိုင်သေးပါ။
ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှု လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက်အဦရှိသော်လည်း ဖတ်စရာစာအုပ်များမပြည့်စုံသေးပေ။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြ သော်လည်း လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်မှု အားနည်းသည်။ အာမခံစနစ်ကိုသိရှိ ထားသူမရှိသလောက် ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ပင်လောင်းမြို့ရှိရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

မင်းဘူးကျေးရွာသည် ပထဝီဝင်အနေအထားအရ တောင်ပေါ်ဒေသတွင်တည်ရှိပြီး၊ လမ်းပန်းဆက်သွယ်ရေး အရ ကောင်းမွန်မှုရှိပြီး၊ တစ် နှစ် ပတ်လုံး ကောင်း စွာသွားလာနိုင်ပေသည်။

မင်းဘူးကျေးရွာနှင့်အနီးဆုံးစျေးမှာ ၃ မိုင်ကွာဝေးသည့်ပင်လောင်းမြို့ရှိငါးရက် တစ်စျေး ဖြစ်ပြီး၊ အမယ်စုံလင်စွာရရှိနိုင်ပေသည်။

ကျေးရွာတွင် လျှပ်စစ်မီးကိုမဟာဓာတ်အားလိုင်းဖြင့်ရရှိသည်။ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အဆင်ပြေစေခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့် သတင်းအစုံ အလင်အား တီဗွီဖန်သားပြင်မှကြည့်ရှုနိုင်ခြင်း စသော လူနေမှုအဆင့်အတန်း ရရှိလျက်ရှိသည်။

လူဦးရေအားလုံး၏ ၈၅%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီးကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင် ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း ပင်လောင်းမြို့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် တောင်ပေါ်ဒေသဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း ယာထွက်ကုန်များကို အလွယ်တကူ

သယ်ယူပို့ဆောင် ရောင်းချနိုင်သည်။ လက်ဖက်၊ စပါး၊ အာလူး၊ တို့ကို အဓိကစိုက်ပျိုးကြပြီး၊ သီးနှံစိုက်ပျိုးမှုအား လွန်စွာ အထောက်အကူဖြစ်စေပေသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအား ကူညီဆောင်ရွက်မှုများပြုလုပ်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်။ ပင်လောင်းရှိ စျေးဆိုင်များတွင် သွားရောက်လုပ်ကိုင်နိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်းသိရှိရသည်။ သို့သော်ထိခိုက်ပျက်စီးဆုံးရှုံးမှုအထိ မရှိပေ။

ကျေးရွာတွင်အလယ်တန်းကျောင်းသာတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာ အရည်အသွေးအပိုင်းတွင် အားနည်းမှုရှိပေသည်။ အထက်တန်းပညာရေးများအတွက် ၃ မိုင်ခန့်ကွာဝေးသော ပင်လောင်းမြို့တွင် သွားရောက်သင်ယူကြသည်။ ကျေးရွာတွင် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (ပင်လောင်းမြို့ဆေးရုံသို့) သွားရောက် ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိတတ်ပေသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် (၅)နှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်း သားများ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်များအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်း သာဖြစ် နေပါသည်။ ကျေးရွာတွင်လည်း ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ထားခဲ့ ကြသဖြင့် လမ်းအဆင့်မြှင့် ပြုပြင်ရန် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့်

နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက် လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းပိုမို ကောင်းမွန် လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက် အကူပြုနိုင်ပေမည်။

(ဂ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျဌားရမ်းအသုံးပြုနိုင်ရေး

မင်းဘူးကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့် ပါ သည်။

(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

မင်းဘူးကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာ မခံချက်ပေး နိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း များဖြင့် အချိန်ကုန်ဆုံး နေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စား ကျပန်းများမှာလည်း လုပ်ငန်း အတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စား သောက်နေကြ ရသည်။ ထိုသူများအတွက် သင့်တော်သောအ သက်မွေးဝမ်း ကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့် ပါ သည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန်ဆယ်နှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက(၅)နှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သောစီမံ ကိန်း များသည်(၅)နှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့်အစဉ်သဖြင့်(၅)နှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ

အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ရန်	၅၀	၁	– ကျေးရွာတွင်းတွင်ဘက်စုံသုံးခန်းမဆောင်တည် ဆောက်ခြင်း	ကျေးလက်ဦးစီး
ပညာရေး					
	၂။ မူကြိုကျောင်းဆောင်ဖွင့်လှစ်ခြင်း	၃၈	၂	– ပညာရေးမူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း၊	
လမ်း၊တံတား					
	၃။ရွာတွင်းကျောက်ချောလမ်းခင်းခြင်း	၃၆	၃	- ကျေးရွာတွင်းတွင်ကျောက်ချောလမ်းခင်းခြင်း	-

ရေပေးရေး				
	၄။ ရေလျှောင်ကန်တည်ဆောက်ခြင်း	၃၀	၄	-ကျေးရွာတွင်းရေလျှောင်ကန်တည်ဆောက်ခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁။ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၁	——				
၂။ မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း	၂		——			
၃။ ရွာတွင်းလမ်းကျောက်ချောခင်းခြင်း	၃			——		
၄။ ရေလှောင်ကန်တည်ဆောက်ခြင်း	၄				——	

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)		
			သာမန်အသုံး	ငွေလုံးငွေရင်းအသုံးစရိတ်	လူသားချင်းစာနာမှု

			စရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	ဆိုင်ရာထောက်ပံ့မှု
၁	ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း			√		
၂	မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း			√		
၃	ရွာတွင်းလမ်းကျောက်ချောခင်းခြင်း			√		
၄	ရေကန်တည်ဆောက်ခြင်း			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက် ရ မည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား‌တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်

ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ

အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ ၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁ နှစ်အောက်	နို့စို့အရွယ်	၉	၂၀	၂၉	၂.၇
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၄၅	၃၆	၈၁	၇.၄
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၅၉	၅၆	၁၁၅	၁၀.၆
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၅၁	၄၀	၉၁	၈.၄
၁၄ နှစ်အထက်မှ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၅၃	၃၇၂	၇၂၅	၆၆.၆

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၆၀နှစ် အထိ					
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၅	၃၂	၄၇	၄.၃
စုစုပေါင်း လူဦးရေ		**၅၃၂**	**၅၅၆**	**၁၀၈၈**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု - ၂၄၁		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၅**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏၆၆.၆% ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၂.၂%ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပါမည်။ ကျေးရွာတွင် တစ်အိမ်ထောင်ရှိပျမ်းမျှလူဦးရေမှာ ၄.၅ဦးသာရှိပြီး မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်ရှိပျမ်းမျှလူဦးရေစံနှုန်း ၅ ဦးထက် လျော့နည်းနေပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၁၈၁	၇၅.၅	၄၂၉	၃၄	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			-	-	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၅၁	၂၁.၂	၁၁၈	၃၇	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၀.၈	၂	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			၁	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၃	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၀.၈	၃	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–			–	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၂	
၁၃	**ဒွေးချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ဒွေးချေးခြင်း အပါအဝင် ဒွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	–			–	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–			–	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	–			–	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–			–	
